# People's Defence Force (Kalay)

---

အမှတ် (၅/၂၀၂၂)

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဖေဖော်ဝါရီလ ၂ ရက်၊ ၂၀၂၂ ခုနှစ်

ယနေ့နံနက် ၅ နာရီဝန်းကျင်တွင် ကလေးမြို့မှ တောင်ပိုင်းသို့ထွက်ခွာလာသော စစ်ကား ၇ စီးပါဝင်သည့် စစ်ကောင်စီယာဉ်တန်းသည် စည်သာရွာနှင့်နတ်မြောင်းရွာအကြားတွင်ရပ်တန့်ပြီး စစ်ကောင်စီတပ်သားများ နတ်မြောင်းဘက်သို့ လမ်းမကြီးဘေးဝဲယာမှ လမ်းလျှောက်ဖြန့်တက်လာချိန်၌ PDF (Kalay) တပ်ဖွဲ့များက အသင့်တပ်ဆင်ထားသောမိုင်း ၂၈ လုံးဖြင့် ဆက်တိုက်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃၀ ဦး ခန့် ထိမှန်သွားကြောင်းသိရသည်။ မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီတပ်ဖွဲ့များက လက်နက်ကြီး လက်နက်ငယ်များဖြင့် ဘေးပတ်ဝန်းကျင်သို့ ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် စစ်ကောင်စီတပ်ဖွဲ့များသည် မိုင်းထိမှန်ထားသူများအား ကားများပေါ်တင်ဆောင်၍ ကလေးမြို့နယ်တောင်ပိုင်းသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ထို့အပြင်ကလေးမြို့မှ စစ်ကောင်စီကား ၅ စီး တောင်ပိုင်းသို့ ထပ်မံဦးတည်ထွက်လာပြီး ကလေးနည်းပညာတက္ကသိုလ်သို့ ဝင်ရောက်သွားခဲ့ပြီးနောက် နည်းပညာတက္ကသိုလ်ဘက်မှ သာယာကုန်းဘက်သို့ စစ်ကြောင်းဖြန့်တက်လာရာ နေ့လည် ၁၂ နာရီခန့်တွင် သာယာကုန်းရွာ၏ မြောက်ဘက်တွင် PDF (Kalay) တပ်ဖွဲ့များနှင့် ထိတွေ့ပြီးအချိန်တစ်နာရီခန့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း PDF (Kalay) တပ်ဖွဲ့ဝင် ၂ ဦး အသက်ပေးဆပ်စွန့်လွှတ်ခဲ့ရပါသည်။ စစ်ကောင်စီဘက်မှ ထိခိုက်သေဆုံးမှုကို အတည်ပြုနိုင်ခြင်းမရှိသေးပါ။